ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖေါ်ထုတ်ရေးကော်မတီ
P. O Box 144 Mae Sot Tak 63110 Thailand Tel (66) 07 2109554, (66) 07 8492621 Email: ccrpaburma@csloxinfo.com

# ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒသဘောထားဖေါ်ထုတ်ရေးဆွေးနွေးပွဲ အမှတ်စဉ်(၃)
# သတင်းထုတ်ပြန်ချက်

အောက်တိုဘာလ (၁၈) ရက်

မြန်မာနိုင်ငံရှေ့နေများကောင်စီ **(BLC)** နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) **(NLD-LA)** တို့ ပူးပေါင်းဖွဲ့စည်းထားသော ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒသဘောထား ဖေါ်ထုတ်ရေးကော်မီတီ **(CCRPA)**သည် တတိယအကြိမ်မြောက်လူထု ဆန္ဒဖေါ်ထုတ်ရေး ဆွေးနွေးပွဲတခုကို ထိုင်း– မြန်မာနယ်စပ် တနေရာ၌ ၁၇၊ ၁၀၊ ၀၄ နေ့တွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား (၅၀)ကျော်တက်ရောက်ခဲ့ပြီး သဘာပတိအဖြစ် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင်က ဆောင်ရွက်ခဲ့ပါသည်။ သဘာပတိကြီးက အလုပ်သမားများအား နိုင်ငံရေးတွင် ပြည်သူတို့ ပူးပေါင်းပါဝင်မှုအရေးကြီးကြောင်းကို ရှင်းလင်း ပြောဆိုသွားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းအလုပ်သမားများမှ ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြံပြုမှုများ ပြုလုပ်လာနိုင်ရေးအတွက် လိုအပ်သော ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိမြင်မှုများ တိုးပွားလာရန် ဖွံ့စည်းပုံအခြေခံ ဥပဒေရေးရာဗဟုသုတများအဖြစ် ဖွံ့စည်းပုံအခြေခံဥပဒေမိတ်ဆက်၊ လူ့အခွင့်အရေးနှင့် ဖွံ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားပိုင်ခွင့်၊ လူတိုင်းသည် ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှမှုရှိရေး၊ အလုပ်သမားများ အခွင့်အရေး စသည် ဘာသာရပ်တို့ကို ကော်မီတီ၏ လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဖွံ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားတိုင်းပါဝင်ရမည်ဖြစ်ပြီး နိုင်ငံသားတို့၏ အခွင့်အရေးများကို ဖွံ့စည်းပုံအခြေခံဥပဒေမှ အာမခံချက်ပေးထားရမည်ဖြစ်သည်၊ ယခုလက်ရှိ စစ်အစိုးမှ ၎င်း၏ မူဝါဒများအပေါ်တွင် အခြေခံ၍ ရေးဆွဲနေသော အမျိုးသားညီလာခံက ဖွံ့စည်းပုံအခြေခံဥပဒေသည် ၎င်းတို့အာဏာတည်မြဲရေးအတွက် ရေးဆွဲနေသည်ဖြစ်သောကြောင့် ပြည်သူတို့၏ ဆန္ဒကို အမှန်တကယ် ကိုယ်စားပြုနိုင်ခြင်းမရှိကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် စစ်အစိုးရ၏လက်အောက်၌ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားပိုင်ခွင့်မရှိခြင်း၊ အခြေခံလူတန်းစားများဖြစ်သော အလုပ်သမား၊ လယ်သမားတို့၏ အခြေခံအခွင့်အရေးများ အာမခံချက်မရှိခြင်း စသည်တို့ကို အခြားနိုင်ငံများမှ အဖြစ်အပျက်များနှင့် နှိုင်းယှဉ်ကာ ဆွေးနွေးသူများက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဦးဆောင်ဆွေးနွေးသူများထဲမှ တဦးဖြစ်သော လူထုအစည်းအဝေးများကျင်းပ ရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ဦးစံသာအောင်က “ကျနော်တို့ မြန်မာနိုင်ငံမှာ ဖွံ့စည်းပုံအခြေခံဥပဒေ နှစ်ခုရှိခဲ့ပါတယ်၊ ဒါပေမယ့် ပြည်သူတို့ရဲ့ အခွင့်အရေးတွေကို သေသေချာချာအာမခံချက် မပေးထားခဲ့ပါဘူး၊ ဖွံ့စည်းပုံရေးဆွဲတဲ့အခါမှာလည်း ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှု အင်မတန်မှ နည်းပါးခဲ့ပါတယ်၊ စစ်အစိုးရဟာ ယခုအခါမှာ အတုအယောင်အမျိုးသားညီလာခံကို ကျင်းပပြီး ဖွံ့စည်း ပုံအခြေခံဥပဒေကို ရေးဆွဲနေပါတယ်၊ သို့ပေမယ့် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုမရှိသလို၊ စစ်မှန်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ လည်း မပါဝင်ပါဘူး၊ ဒါကြောင့် စစ်အုပ်စုရဲ့ ဖွံ့စည်းပုံအခြေခံဥပဒေဟာ ခိုင်မာမှုမရှိသလို ပြည်သူတို့ရဲ့ အခြေခံအခွင့်အရေးတွေကို လည်း အာမခံချက်မရှိနိုင်ပါဘူး ”ဟု ရှင်းလင်းပြောဆိုသွားခဲ့ပါသည်။

တက်ရောက်လာသော အလုပ်သမားများကလည်း မြန်မာနိုင်ငံတွင် ဖြစ်ပျက်ကြုံတွေ့နေသော အဖြစ်အပျက်များကို ဆွေး နွေးတင်ပြခဲ့ကြပါသည်။ အလုပ်သမားများမှ စစ်အုပ်စုအောက်တွင် ကျရောက်နေသော မြန်မာနိုင်ငံ၌ လွတ်လပ်စွာ စီးပွားရှာပိုင်ခွင့်၊ တရားဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှမှု၊ လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ အမျိုးသမီးအခွင့်အရေးများစသည် ရပိုင်ခွင့် အခွင့်အရေးများ ဆုံးရှုံးနေကြောင်းကို မိမိတို့၏ အတွေ့အကြုံများနှင့် နှိုင်းယှဉ်ကာ တင်ပြပြောဆိုသွားခဲ့ပြီး နောင်အနာဂတ်မြန်မာနိုင်ငံ၏ ဖွံ့စည်းပုံအခြေခံဥပဒေတွင် အဆိုပါအခွင့်အရေးများကို အာမခံချက်ပေးစေချင်ကြောင်း စသဖြင့် တင်ပြပြောဆိုအကြံပေးခဲ့ကြပါသည်။ ပညာသင်ကြားခွင့် အခွင့်အရေးများ

ဆုံးရှုံးခဲ့ရသော လူငယ် အလုပ်သမားတဦးကလည်း “ကျနော်တို့မြန်မာနိုင်ငံမှာ ပိုက်ဆံမရှိလို့ ပညာမသင်နိုင်တဲ့သူတွေ အများကြီးပါ၊ ဒါကြောင့် နောက်အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခမဲ့ပညာသင်ကြားရေးကို ထည့်သွင်းပြဋ္ဌာန်းပေးစေချင်ပါတယ်” ဟု အကြံပေးပြောဆိုသွားခဲ့ပါသည်။ ထို့အပြင် ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဆိုင်သော ဆွေးနွေးပွဲများကို မြန်မာနိုင်ငံအတွင်းတွင်လည်း ပြုလုပ်စေချင်ကြောင်း၊ မိမိတို့ပြည်သူလူထုအနေနှင့်လည်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီရရှိရေးအတွက် ပါဝင်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများနှင့် အလုပ်သမားများက မိမိတို့၏ အမြင်များကို ပွင့်ပွင့်လင်းလင်း ဖလှယ်ကြပြီး ဆွေးနွေးပွဲကို ညနေ ၂ နာရီ မိနစ် ၃၀ တွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖေါ်ထုတ်ရေးကော်မီတီ (CCRPA)